# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၁၁)နေရာအတွက် အောက်ဖော်ပြပါ ပညာအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး | ၁၁ နေရာ (နေပြည်တော်) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ်(အစိုးရဝန်ထမ်း ဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

( ဂ ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးနိုင်ရမည်။

( င ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်ပါရှိရမည်။

( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dimissal)ခြင်း၊ ရာထူးမှ ထုတ်ပယ်(Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: www.moea.gov.mm တွင် ကြေညာထားမည်ဖြစ်ပြီး download ရယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ)ပါရှိရမည်-

(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)၊

( ခ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(လွန်ခဲ့သော တစ်လအတွင်း)၊

( ဂ ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း၊

( ဃ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်၊

( င ) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း၊

(ဆ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊

(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၃၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း၊

( ဈ ) ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ (လွန်ခဲ့သော ခြောက်လခန့်)
(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)။

၅။ လျှောက်ထားသူများသည် အလုပ်ခန့်အပ်ခြင်းခံရပါက မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၆။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၃၀၀၀/-(ကျပ် သုံးထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ်(**MD-013556**)သို့ ပေးသွင်းရမည်ဖြစ်ပြီး မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ အဆိုပါငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

၇။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်၊ သို့ (၁၃-၁၁-၂၀၂၅)ရက်နေ့ထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးကြော်ငြာသင်ပုန်းနှင့် Website: www.moea.gov.mm တွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၅၅၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**ရုံးအမှတ်(၁၄)၊ နေပြည်တော်**

# လျှောက်လွှာပုံစံ

| | |
|---|---|
| ၁။ လျှောက်ထားသည့်ရာထူးအမည် | - ------------ |
| ၂။ အမည် | - ------------ |
| ၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------ |
| ၄။ အသက်/မွေးသက္ကရာဇ်(ရက်၊လ၊နှစ်) | - ------------ |
| ၅။ လူမျိုး/ ကိုးကွယ်သည့်ဘာသာ | - ------------ |
| ၆။ သွေးအုပ်စု/ထင်ရှားသည့်အမှတ်အသား | - ------------ |
| ၇။ ပညာအရည်အချင်း၊ | - ------------ |
| အောင်မြင်သည့်ခုနှစ် | - ------------ |
| ၈။ အဘအမည် | - ------------ |
| (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------ |
| (ခ) အလုပ်အကိုင် | - ------------ |
| ၉။ အမိအမည် | - ------------ |
| (က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | - ------------ |
| (ခ) အလုပ်အကိုင် | - ------------ |
| ၁၀။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာန/လက်ရှိရာထူး | - ------------ |
| | - ------------ |
| ၁၁။ အိမ်ထောင်ရှိ/မရှိ | - ------------ |
| ၁၂။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံနှင့် | - ------------ |
| ဖုန်းနံပါတ် | - ------------ |
| | - ------------ |

(ထိုးမြဲလက်မှတ်)

E:\Admin (N)\D1 Admin 2025\New appointment\UMO to Web Portal(DSO).docx